# နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ။ *

[၁၉၅၄ ခုနှစ်၊အက်ဥပဒေအမှတ် ၄၇။] (၁၉၅၄ ခု၊အောက်တိုဘာလ ၉ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ( ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေကိုရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကိုထောက်ထားရန် မလိုလျှင်-

(က) 'နိုင်ငံတော်အထိမ်းအမှတ်' ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတခု၏၊ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတခု၏၊ သို့တည်းမဟုတ် ထိုနိုင်ငံတစိတ်တဒေသ၏အလံ၊ သို့တည်းမဟုတ် တံခွန်၊ သို့တည်းမဟုတ် အခြားအထိမ်းအမှတ်ကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတခု၏အသက်ထင်ရှားရှိသော၊ သို့တည်းမဟုတ် ကွယ်လွန်ပြီးသော အမျိုးသားခေါင်းဆောင်ဓါတ်ပုံသည်ငှင်း၊ အမျိုးသားခေါင်းဆောင်နှင့် ဆင်တူရိုးမှားဖြစ်အောင် တနည်းနည်းဖြင့်ပြုလုပ်ထားသောပုံသည်ငှင်း၊ နိုင်ငံတော်အထိမ်းအမှတ်နှင့် ဆင်တူရိုးမှား ဖြစ်သောအရာဝတ္ထုသည်ငှင်း ပါဝင်သည်။

(ခ) 'ဥပစာဋ္ဌ' ဆိုသည်တွင်မြေ၊ အဆောက်အအုံ၊ ရေယာဉ်၊ ကုန်းယာဉ်၊ နေရာဋ္ဌာနတခုခုသော်ငှင်း၊ အဆိုပါမြေ၊ အဆောက်အအုံ၊ ရေယာဉ်၊ ကုန်ယာဉ်၊ နေရာဋ္ဌာနတခုခု၏တစိတ်တပိုင်းသော်ငှင်းပါဝင်သည်။

၃။ ။(၁) နိုင်ငံတော်သမတအထိမ်းအမှတ်ကို ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့်ငှင်း၊ ပုဒ်မ ၅ အရ ပြုသည့်အမိန့်တရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်ငှင်း မညီညွတ်ဘဲပြည်သူအများမြင်သာအောင်ဆင်ယင်ပြသခြင်းကို တားမြစ်သည်။

(၂) ဤပုဒ်မပါကိစ္စများအလို့ငှါ၊ ပြည်သူအများ၊ သို့တည်းမဟုတ် ပြည်သူအချို့သွားလာပိုင်ခွင့်ရှိ သည့်လမ်းကြီးလမ်းငယ်၊ တံတား၊ လမ်းကြား၊ သို့တည်းမဟုတ် လူသွားလမ်းပေါ်တွင်သော်ငှင်း၊ ပြည်သူများက၊ သို့တည်းမဟုတ် ပြည်သူအချို့က အခကြေးငွေပေး၍ဖြစ်စေ၊ အခြား

---

*မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၄ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၅၁၃ တွင် ထုတ်ပြန် ကျေညာသည်။

နည်းဖြင့်ဖြစ်စေ ဝင်ထွက်နိုင်သည့် ဥပစာတွင်သော်ငြင်း၊ နိုင်ငံတော်အထိမ်းအမှတ်တခုခုကို ဆင်ယင်ပြသလျှင်၊ သို့တည်းမဟုတ် အဆိုပါလမ်းကြီး လမ်းငယ်၊ တံတား၊ လမ်းကြား၊ လူသွားလမ်း၊ သို့တည်းမဟုတ် ဥပစာတခုခုတွင် သွားလာဝင်ထွက်နေသော၊ သို့တည်းမဟုတ် ရှိနေသော ပြည်သူများအနက် တဦးဦးမြင်သာအောင် ဆင်ယင်ပြသလျှင်၊ ထိုနိုင်ငံတော်အထိမ်းအမှတ်ကို ပြည်သူအများ မြင်သာအောင်ဆင်ယင်ပြသသည်ဟု မှတ်ယူရမည်။

၄။ ။ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များသည်၊ နိုင်ငံတော်အထိမ်းအမှတ်ကို အောက်တွင်ဖေါ်ပြထားသည့် အတိုင်းဆင်ယင်ပြသခြင်းနှင့်မသက်ဆိုင်စေရ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသို့ သံတမန်အဖြစ်ဖြင့်၊ သို့တည်းမဟုတ် ကောင်စစ်ကိုယ်စားလှယ် အဖြစ်ဖြင့်နည်းလမ်းတကျစေလွှတ်ခြင်းခံရသူ နိုင်ငံခြားသား ကမိမိနိုင်ငံ၏ နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

(ဂ) သင်္ဘော၊ သို့တည်းမဟုတ် လေယာဉ်ပျံပေါ်တွင် နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

(ဃ) ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ ပြသခွင့်ရသည့် ရုပ်ရှင်ကားကို၊ ပြသနေစဉ် နိုင်ငံတော်အထိမ်းအမှတ် တခုခုကိုပြသခြင်း။

(င) ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ပြသခွင့်ရသည့် ရုပ်ရှင်ကားတခုခု၊ ကြော်ငြာရန်အရုပ်ကား၊ ဓါတ်ပုံ၊ ပိုစတာ၊ သို့တည်း မဟုတ် ရုပ်ပုံအားဖြင့် နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း။

၅။ ။နိုင်ငံတော်သမတသည်၊ အမိန့်ထုတ်ပြန်၍ ထိုအမိန့်တွင်သီးခြားဖေါ်ပြထားသည့် နိုင်ငံတော်အထိမ်အမှတ် ဆင်ယင်ပြသခြင်းကို၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။ ထို့ပြင်အဆိုပါအမိန့်တွင် ထို့သိုဆင်ယင်ပြသရန်နည်းလမ်းကို စည်းမျဉ်းသတ်မှတ်နိုင်သည့်ပြင်၊ ထိုသို့ဆင်ယင်ပြသခွင့်ပြုသည့် ကာလအပိုင်းအခြားကိုလည်း ကန့်သတ်နိုင်သည်။

၆။ ။(၁) ခရိုင်ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ် တရားသူကြီး၌ဖြစ်စေ၊ ပဌမတန်း၊ သို့တည်းမဟုတ် ဒုတယတန်း ရာဇဝတ်တရားသူကြီး၌ဖြစ်စေ၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသောအခြား အရာရှိတဦးဦး၌ဖြစ်စေ ယုံကြည်လောက်သော သတင်းပေးချက်အရသော်ငြင်း၊ အခြားလုံးလောက်သော အကြောင်းကြောင်းသော်ငြင်း ဤအက်ဥပဒေအရပြစ်မှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင်၊ ထိုသတင်းပေးချက်ကို၊

သို့တည်းမဟုတ် ထိုအကြောင်းကိုရေးမှတ်ပြီးနောက် ထိုရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ထိုအရာရှိကိုယ်တိုင်သော်၎င်း၊ ၎င်းကဝါရမ်းထုတ်ပေးထားသည့် ရဲအရာရှိကသော်၎င်း-

(က) ဤအက်ဥပဒေအရပြစ်မှု တခုခုကိုကျူးလွန်သည်ဟု မိမိယုံကြည်ဘွယ်ရာ အကြောင်းရှိသူကိုဖမ်းဆီးနိုင်သည်၊ ထို့ပြင်

(ခ) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအရ ပြုသည့်အမိန့်တရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသထားသည့် ဥပစာသို့ဝင်ရောက်လျှက် အဆိုပါ အထိမ်းအမှတ်ကို သိမ်းယူနိုင်သည်။ ထို့ပြင် ထိုသို့ဝင်ရောက်သည့် ဥပစာကိုရှာဖွေ၍၊ ဥပစာတွင် ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံဖြစ်သည်ဟု မိမိယုံကြည်လောက်သော အကြောင်းရှိသည့် ပစ္စည်းတခုခုကို တွေ့ရှိလျှင်၊ ထိုပစ္စည်းကိုလည်းသိမ်းယူနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ သတင်းပေးချက်အကျဉ်းချုပ်ကို၊ သို့တည်းမဟုတ်လုံလောက်သော အကြောင်းအကျဉ်းချုပ်ကိုရေးမှတ်သည့် ရာဇဝတ်တရားသူကြီးမှာ၊ သို့တည်းမဟုတ် အရာရှိမှာ၊ ထိုမှတ်တမ်းတွင် သတင်းပေးသူ၏ အမည်ကိုဖေါ်ပြရေးသားရန် တာဝန်မရှိစေရန်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရှာဖွေသည့်အခါတိုင်း ရာဇဝတ်ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီရှာဖွေရမည်။

(၄) ပုဒ်မခွဲ (၁) အရ ဥပစာတွင်းသို့ ရဲအရာရှိတဦးဦးဝင်ရောက်သည့်အခါ၊ ထိုပုဒ်မခွဲအရ ဆောင်ရွက်ပြီးစီးသည်နှင့်တပြိုင်နက် ထိုရဲအရာရှိက မိမိမည်ကဲ့သို့ဆောင်ရွက်ကြောင်း ဖေါ်ပြသည့် အစီရင်ခံစာကို (ဝါရမ်းစာရှိလျှင်) ထိုဝါရမ်းစာနှင့်တကွ၊ ကျူးလွန်သည်ဟုထင်ရသော ပြစ်မှုကို စီရင်ပိုင်ခွင့်ရှိသောရာဇဝတ် တရားသူကြီးတဦးဦးထံချက်ခြင်း တင်သွင်းရမည့်ပြင်ဖမ်းဆီးခံရသူနှင့် တကွသိမ်းယူသည့် ပစ္စည်းများကိုလည်း ထိုရာဇဝတ်တရားသူကြီးထံချက်ခြင်းပို့ရမည်။

သို့ရာတွင် ထိုရဲအရာရှိသည် ဖမ်းဆီးခြင်းခံရသူကို ထိုရာဇဝတ်တရားသူကြီးရှေ့ လာရောက်ရမည်ဟု စည်းကမ်းချက်ထား၍ခံဝန်သူနှင့်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေလွှတ်နိုင်သည်။ ထိုရဲအရာရှိသည်၊ ထိုသူကိုဖမ်းဆီးပြီးနောက် သုံးနာရီအတွင်း ရာဇဝတ်တရားသူကြီး တဦးဦးထံမပို့လျှင်၊ သင့်လျော်လုံလောက်သည့် ခံဝန်သူနှင့်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ ထိုသူအားလွှတ်ရမည်။

ထို့ပြင် မည်သူ့ကိုမျှဖမ်းဆီးခြင်းမပြုလျှင်၊ ရဲအရာရှိသည် မိမိဆောင်ရွက်ချက်ကို ဝါရမ်းထုတ်ပေးသည့် ရာဇဝတ်တရားသူကြီးထံ၊ သို့တည်းမဟုတ် အရာရှိထံ အစီရင်ခံရမည်။

၇။ ။မည်သူမဆို-

(က) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် အမိန့်တရပ်ရပ်နှင့်ဖြစ်စေဆန့်ကျင်၍ ဆင်ယင်ပြသလျှင်၊ သို့တည်းမဟုတ်

(ခ) ဥပစာတခုခုပိုင်ဆိုင်သူ၊ အငှါးနေထိုင်သူ၊ အငှါးချထားခံရသူ၊ လက်ရှိနေထိုင်သူ၊ သို့တည်းမဟုတ်ထိန်းသိမ်းရသူဖြစ်၍၊ အဆိုပါဥပစာပေါ်တွင် သော်ငင်း၊ ပြဋ္ဌာန်းချက် များနှင့်ဖြစ်စေ၊ဤအက်ဥပဒေအရ ပြုသည့်အမိန့် တရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသခြင်းကိုသိလျက်နှင့်ခွင့်ပြု လျှင် ထိုသူသည်ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ၊

(က၊က) တရားဝင်အဖွဲ့မှတပါး အခြားသူဖြစ်လျှင်ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(ခ၊ခ) တရားဝင်အဖွဲ့ဖြစ်လျှင်၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

============================